# ယူနန်ပြည်နယ်သည် နယ်စပ်ဒေသတံခါးဖွင့်ဖွံ့ဖြိုးတိုးတက်ရေး(၅)နှစ်စီမံကိန်းချမှတ်

မကြာမီ ယူနန်ပြည်နယ်သည် 《ယူနန်ပြည်နယ် နယ်စပ်ဒေသတံခါးဖွင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၆-၂၀၂၀)》 (အောက်တွင် အတိုကောက်အဖြစ် 《စီမံကိန်း》ဟု ခေါ်တွင်စေရမည်) ချမှတ်ခဲ့သည်။ယင်း 《စီမံကိန်း》 တွင် ၂၀၂၀ခုနှစ်ကျလျှင် နယ်စပ်ဒေသမှ အခြေခံအဆောက်အအုံကွန်ရက်ကြီး (၅)ခုနှင့် ဝိသေသထူးခြားချက်ပါ ကုန်ထုတ်လုပ်ငန်းစနစ်များ အခြေခံအားဖြင့် ဖြစ်တည်လာပြီး အထွေထွေစီးပွားရေး အင်အားတစ်ဆင့်တက်တိုးမြှင့်စေမည်ဖြစ်ကြောင်း၊ မြို့ပြနှင့်ကျေးလက်နေပြည်သူများ၏ဝင်ငွေသည် စီးပွားရေးတိုးတက်မှုနှုန်းထက် ပိုမိုမြင့်မားစေမည်ဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးသော ခရိုင်အားလုံးတို့သည် ဆင်းရဲနွမ်းပါးမှုမှ ကင်းလွတ်ပြီး တစ်ပြည်နယ်လုံး၊ တစ်နိုင်ငံလုံးနှင့် တစ်ပြိုင်တည်း အတော်အသင့်သက်သာချောင်ချိသောလူမှုဘဝကို အပြီးတည်ဆောက်သွားမည် ဖြစ်ကြောင်း တင်ပြထားသည်။

《စီမံကိန်း》 တွင် မြန်မာ၊ လာအို၊ ဗီယက်နမ် (၃) နိုင်ငံသို့ တံခါးဖွင့်သော မဟာဗျူဟာပန်းတိုင်(၃)ခုအတိုင်း ယူနန်အလယ်ပိုင်းမြို့ပြအုပ်စုကို အားထား၍ ယူနန်အလယ်ပိုင်းဒေသနှင့် နယ်စပ်ဒေသ တို့၏အားသာချက်များကို အချင်းချင်းဖြည့်စွက်ရန်၊ အရင်းအမြစ်များကို အတူတကွခံစားရန်၊ ကုန်ထုတ်လုပ်ငန်းများကို အပြန်အလှန်ချိတ်ဆက်ရန် တွန်းအားပေးမည်ဖြစ်ကြောင်း၊ ယူနန်အလယ်ပိုင်းမြို့ပြအုပ်စုကို ဗဟိုအဖြစ်၊ ကူ(မင်း)-ပေါင်(စန်း)-မန်(စီ)-ရွှေ(လီ)၊ ကူ(မင်း)-မော်(ဟန်း)၊ ကူ(မင်း)-ဟို(ခို)လမ်းမကြီး(၃)လမ်းကို အဓိကလမ်းကြောင်းအဖြစ်၊ ယူနန်-မြန်မာ၊ ယူနန်-လာအို၊ ယူနန်-ဗီယက်နမ်နိုင်ငံတကာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုရပ်ဝန်း(၃)ခုဖြင့် ထောက်ခံထားသော"ဗဟို (၁)ခု၊ လမ်းကြောင်း(၃)ခု၊ ရပ်ဝန်း(၃)ခု" ဖြစ်သည့်နယ်စပ်ဒေသတံခါးဖွင့်ဖွံ့ဖြိုးတိုးတက်ရေးလေဟာနယ်သစ်ကို တစတစ ဖြစ်တည်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ တံခါးဖွင့်ဖွံ့ဖြိုးတိုးတက်ရေးစင်မြင့်များကို အဆင့်ခွဲ၍ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ တရုတ်-လာအိုနှစ်နိုင်ငံတို့၏ မော်ဟန်း-မော်တင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်ကို ထိုးဖောက်ရန်စီမံကိန်းအဖြစ်ထားပြီး ရွှေလီ၊ မုန်လာ့(မော်ဟန်း)အလေးပေးတံခါးဖွင့်ဖွံ့ဖြိုးတိုးတက်ရေးစမ်းသပ်ဇုန်တို့၏ စံပြလောက်သည့်အခန်းကဏ္ဍကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ ရွှေလီ၊ ဟိုခို၊ မော်ဟန်းအလေးပေးနယ်စပ်ဂိတ်များကို အားထား၍ ရွှေလီ၊ ဝမ်တိန်၊ ဟိုခို၊ လင်ချန်းနိုင်ငံတော်အဆင့်နယ်စပ်ဒေသစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဇုန်ကို အရှိန်အဟုန်ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထိန်ချုံး(ဟိုချောင်)၊ မာလိဖော(ထျန်းပေါင်)၊ မုန့်လျန် (မုန့်အား)၊ လုရွှေ(ဖျန့်မာ)၊ မုန်လာ့(မော်ဟန်း)ဖြစ်သည့်ပြည်နယ်အဆင့် နယ်စပ်ဒေသစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်ကို ခြေလှမ်းမှန်မှန် ဖွံ့ဖြိုး၍ ယူနန်-မြန်မာ၊ယူနန်-လာအို၊ ယူနန်-ဗီယက်နမ်နိုင်ငံတကာစီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု ရပ်ဝန်းတည်ဆောက်ရေးအတွက် ခိုင်မာစွာ ထောက်ခံသွားမည်ဖြစ်ကြောင်း၊ ခရီးသွားယဉ်ကျေးမှု၊ ခေတ်မီကုန်စည်စီးဆင်းရေး၊ အချောကိုင်ကုန်ထုတ်လုပ်ရေး၊ ခေတ်မီစိုက်ပျိုးရေး၊ အီး-ကုန်သွယ်မှု၊ ပြင်ပကုန်သွယ်မှု စသည့်အားသာသောလုပ်ငန်းများကို အားထုတ်ဖွံ့ဖြိုးသွားမည်ဖြစ်ကြောင်း၊ တံခါးဖွင့်ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကို တိုးချဲ့၍ နယ်စပ်ဒေသ အလေးပေးဒေသများမှ ပြည်တွင်းပြည်ပ ကုန်ထုတ်လုပ်ငန်းများ၏ ပြောင်းရွှေ့ထုတ်လုပ်မှုကို ထောက်ခံအားပေးကာ နယ်စပ်ဒေသတံခါးဖွင့်ကုန်ထုတ်လုပ်ငန်းများအား ပိုမို ထောက်ခံသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပမှ ထောက်ပံ့ငွေ၊ ဦးစားပေးချေးငွေ၊ ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေနှင့် ပြည်တွင်းစီးပွားရေး လုပ်ငန်းများ၏ အင်အားများကို အသုံးပြု၍ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွှေလီ၊ မော်ဟန်း၊ ဟိုခိုဖြစ်သည့် ပန်းတိုင်(၃)ခုကို အလေးထားပြီး ပြည်တွင်းပြည်ပလမ်းကြောင်းချိတ်ဆက်စေရေးလုပ်ငန်းကိုတွန်းအားပေးဆောင်ရွက်ကာ အသင့်အတင့်ရွေ့ပြေးသော၊ အစုံလိုက် အတပ်အဆင်စုံလင်သော၊ လုံခြုံတွင်ကျယ်သော ခေတ်မီ အခြေခံအအောက်အအုံကွန်ရက်များကိုအရှိန်အဟုန်ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သတ်မှတ်ထားသည်။

သတင်းထောက်- တွမ့်ရှောက်ရွှေ့

# ခရီးသွားပညာပေးသင်တန်း မြန်မာနိုင်ငံတွင်ဖွင့်လှစ်

ယခုရက်ပိုင်းတွင် မြန်မာနိုင်ငံဖက်၏ဖိတ်ကြားချက်အရ ယူနန်ခရီးသွားသက်မွေးဝမ်းကျောင်းကောလိပ်မှ ကျောင်းဆရာကိုယ်စားလှယ်အဖွဲ့(၇)ဦးတို့သည် မြန်မာနိုင်ငံ ရှမ်းပြည်နယ်တောင်ပိုင်းမှ ညောင်ရွှေနှင့် အောင်ပန်းဒေသသို့ သွားရောက်၍ နယ်ခံဒေသရှိ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူ (၁၅၄) ဦးအတွက် တရုတ်ဘာသာ၊ ခရီးသွားယဉ်ကျေးမှု၊ ခရီးသွားစီမံခန့်ခွဲမှု၊ ဟိုတယ်စီမံခန့်ခွဲမှုစသည့်များကို လေ့ကျင့်မွေးထုတ်ပေးခဲ့သည်။

ယခုအကြိမ်လေ့ကျင့်မွေးထုတ်မှု၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအား တရုတ်ခရီးသည်များ၏ ခရီးသွားစိတ်ပါဝင်စားမှုနှင့်အလေ့အထများကို ပိုမိုကောင်းမွန်စွာသိရှိနားလည်စေပြီး ပိုမိုကိုက်ညီသောခရီးသွားထွက်ကုန်များကို ဖွံ့ဖြိုးကာ အရည်အသွေးပိုမိုမြင့်မားသောဝန်ဆောင်မှုကို ထောက်ပံ့ပေးစေရန်အတွက်ဖြစ်သည်။ ထို့အတူအာဆီယံခရီးသွားလုပ်ငန်းလူချွန်လူကောင်းများ ပညာပေးလေ့ကျင့်မွေးထုတ်ရေးစခန်း (ယူနန်ခရီးသွားသက်မွေးဝမ်းကျောင်းကောလိပ်)၏ ပြည်ပလေ့ကျင့်မွေးထုတ်ရေးအရည်အချင်းနှင့်စွမ်းဆောင်ရည်ကို မြှင့်တင်၍ တရုတ်နိုင်ငံခရီးသွားလုပ်ငန်းသက်မွေးဝမ်းကျောင်းပညာရေးအား နိုင်ငံတကာသို့ လျှောက်လှမ်းသွားစေရန်အတွက် အတွေ့အကြုံစုဆောင်းခြင်းလည်းဖြစ်၊ မြန်မာနိုင်ငံတွင် လေ့ကျင့်မွေးထုတ်ရေးစခန်းအတွက် ကောင်းမွန်သော ဥဒါန်းစကားနှင့်သရုပ်သကန် ထူထောင်ပေးရန်အတွက်လည်းဖြစ်သည်။

သင်တန်းကာလအတွင်း အဓိကအကြောင်းအရာပါ ဖလှယ်ရေးလှုပ်ရှားမှုများကိုလည်းကျင်းပခဲ့သည်။ တရုတ်နိုင်ငံမှ ရောက်ရှိလာသော အဓိကဟောပြောသူသည် မြန်မာနိုင်ငံ ခရီးသွားလောကမှ ပုဂ္ဂိုလ်များအတွက် ယူနန်ပြည်နယ်၏ခရီးသွားအရင်းအမြစ်၊ ထွက်ကုန်များအပါအဝင် တရုတ်နိုင်ငံအကြောင်းကို မိတ်ဆက်ပေးခဲ့သည်။



သင်တန်းသားများက လေ့ကျင့်ခန်းလုပ်ကြစဉ်

မိတ်ဆက်ခြင်းအရ လေ့ကျင့်မွေးထုတ်ရေး သင်တန်းကို နယ်ခံဒေသတွင် များစွာအလေးဂရုပြုကောင်းချီးပြုခံခဲ့ရကြောင်း၊ မြန်မာ့သတင်းမီဒီယာများကလည်း ၎င်းအတွက် ထည့်သွင်းဖော်ပြခဲ့ရကြောင်း သိရှိရသည်။ မြန်မာ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ပြုံကသီနိုင်က မြန်မာ့အစိုးရအနေနှင့် ခရီးသွားလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုကို အစဉ်အလေးထားကြောင်း၊ လေ့ကျင့်မွေးထုတ်ရေးလှုပ်ရှားမှုကျင်းပခြင်းသည် တရုတ်-မြန်မာခရီးသွားဈေးကွက်အပြန်အလှန်ချိတ်ဆက်ရန်အတွက် အထောက်အကူပြုနိုင်ပြီး မြန်မာ့ခရီးသွားဈေးကွက်မှ ပိုမိုများပြားသော တရုတ်ခရီးသည်များကို ဧည့်ခံနိုင်ရန် ခိုင်မာသော အခြေခံအုတ်မြစ်ချမှတ်နိုင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံအနေနှင့် တရုတ်နိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွေ့အကြုံများကို မှီငြမ်းပြုနိုင်မည့်အပြင် နယ်စပ်ဖြတ်ကျော် ခရီးသွားပူးပေါင်းဆောင်ရွက်ရေးဘက်တွင် တရုတ်နိုင်ငံနှင့် ပိုမိုဖလှယ်နိုင်မည်ဖြစ်ကြောင်း ၎င်းက မျှော်လင့်ထားသည်။ သင်တန်းသားကိုယ်စားလှယ် ဒေါ်စန္ဒာမိုးက တရုတ်ဆရာအဖွဲ့၏ ပြည့်မီသော အရည်အချင်းနှင့် လုပ်ငန်းအပေါ်ရှိသော လေးစားသောသဘောထားကို ကောင်းချီးပြုပေးပြီး "ဒါဟာအရည်အသွေး မြင့်မားတဲ့ သင်တန်းဖြစ်ပါတယ်။ ပို့ချတဲ့အကြောင်းအရာပြည့်စုံပြီးပို့ချရန် နည်းလမ်းလည်း သက်ဝင်လှုပ်ရှားလှပါတယ်။ အများတို့က ချစ်ကြည်ရင်းနှီးစွာ ဖလှယ်ကြပြီး အကျိုးများစွာ ရရှိခဲ့ပါတယ်"။ ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုတယ်လုပ်ငန်းများ အသင်းဥက္ကဋ္ဌ ဦးကြည်လွင်က သင်တန်းဆင်းပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားရာတွင် ယူနန်ခရီးသွားသက်မွေးဝမ်းကျောင်း ကောလိပ်မှ ဆရာ ဆရာမများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသွားသည်။ နောင်တွင်လည်း တရုတ်ဖက်မှ ပိုမိုများပြားသော သက်ဆိုင်ရာလှုပ်ရှားမှုများကို စည်းရုံးနိုင်ပြီး မြန်မာ့ခရီးသွားလုပ်ငန်းအတွက် နိုင်ငံတကာခရီးသွား လူချွန်လူကောင်းများ မွေးထုတ်ပေးပြီး ခရီးသွား ပညာရေးဘက်တွင် တရုတ်-မြန်မာနှစ်နိုင်ငံတို့၏ ပူးပေါင်းဖလှယ်မှုကို တိုးမြှင့်ပေးနိုင်မည်ဟု မျှော်လင့်ထားသည်။

သတင်းထောက် - ကျူဟိုင်

# ကီလိုမီတာ ၃၃၀ /နာရီဖြင့် ပြေးဆွဲသည့်ရှန်(ဟဲ)-ကူ(မင်း)ခရီးသည်တင်ရထားသည် ယူနန်ရထားသမိုင်းတွင် ပထမခုမြောက်သောအရှိန်နှုန်းဖြင့် ပြေးဆွဲနိုင်ခဲ့

ရှန်(ဟဲ)-ကူ(မင်း)ခရီးသည်တင်ရထားလမ်းယူနန်လမ်းပိုင်းသည် ပူးတွဲစမ်းသပ်ပြေးဆွဲခဲ့သည့်အချိန်မှစ၍ ကီလိုမီတာ ၃၃၀/နာရီရှိသော စမ်းသပ်အရှိန်နှုန်းဖြင့် ပြေးဆွဲနိုင်ခဲ့သည်။ ယင်းအရှိန်နှုန်းသည် ယူနန်ရထားသမိုင်းတွင် ပထမခုမြောက်သောအရှိန်နှုန်းဖြစ်သည်။

"မော်တော်ကားက ရထားထက်ပိုမြန်တယ်" ဆိုသည်မှာ နှစ်ပေါင်းများစွာရှည်ကြာသည့်ကာလအတွင်း ယူနန်တွင် တည်ရှိခဲ့သော အခြင်းအရာ ဖြစ်သည်။ ကူမင်းရထားလုပ်ငန်းဗျူရိုမှ သက်ဆိုင်ရာ တာဝန်ရှိသူက ယနှစ်အတွင်း မြန်နှုန်းမြင့်ရထားလမ်း ဖွင့်လှစ်လာသည်နှင့်အမျှ ယူနန်သည်တရုတ်တစ်နိုင်ငံလုံး၏မြန်နှုန်းမြင့်ရထားလမ်းကွန်ရက်နှင့် ချိတ်ဆက်၍ အချိန်နှင့်လေဟာနယ်အရ တရုတ်ပြည်တွင်းနှင့် ပိုမိုနီးကပ်တော့မှာဖြစ်ကြောင်း၊ ယူနန်ပြည်နယ်ကို တောင်အာရှ၊ အရှေ့တောင်အာရှသို့မျက်နှာပြုသောဖြာထွက်မှု စင်တာအဖြစ် ဘက်စုံတည်ဆောက်ပြီး တရုတ်နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာထဲသို့ ပေါင်းသွင်းစေရန်အတွက် တွန်းအားသစ်လောင်းပေးနိုင်ပါကြောင်းဖော်ပြထားသည်။

သတင်းထောက် - ဟူရှောင်ယုံ

